# မြန်မာနိုင်ငံ၏ သယံဇာတကဏ္ဍနှင့် သဘာဝသယံဇာတ စီမံခန့်ခွဲမှုအပေါ် ကိုရိုနာဗိုင်းရပ်စ်ကပ်ရောဂါ၏ အကျိုးသက်ရောက်မှုများ

ဤစာတမ်းသည် NRGI မှ ထုတ်ပြန်ထားသည့် ကိုရိုနာဗိုင်းရပ်ကပ်ရောဂါ အခြေအနေနှင့် ၎င်း၏ စီးပွားရေး အကျိုးသက်ရောက်မှုများကို နိုင်ငံတစ်နိုင်ငံချင်းစီအတွက် သုံးသပ်ချက်များအနက်မှ တစ်ခုဖြစ်ပါသည်။ ယခုသုံးသပ်ချက်များသည် ပြင်ပအခြေအနေများအပေါ် မူတည်၍ အပြောင်းအလဲရှိနိုင်ပြီး သင့်တော်သည့် အချိန်တွင် ထပ်မံ ပြင်ဆင်သွားပါမည်။

## အဓိက တွေ့ရှိချက်များ

- ကိုရိုနာဗိုင်းရပ်စ်ကပ်ရောဂါ ကာလအတွင်း မြန်မာနိုင်ငံ၏ သယံဇာတ ထုတ်လုပ်မှုလုပ်ငန်းများ ဆက်လက်လည်ပတ်လျက်ရှိသည်။ ဓါတ်ငွေ့တူးဖော်မှုကျဆင်းသွားသော်လည်း သတ္တုတူးဖော်ရေးလုပ်ငန်းများမှာ ပုံမှန်လည်ပတ်လျက်ရှိသည်။ ကျောက်စိမ်းနှင့် ကျောက်မျက်ထုတ်လုပ်မှု တွက်ဆနိုင်ရန် တရားဝင်အချက်အလက်များ မတွေ့ရပါ။
- သဘာဝဓါတ်ငွေ့နှင့် ကျောက်စိမ်းအပါအဝင် သယံဇာတထွက်ကုန်များ၏ ပေါက်စျေးနှင့် ဝယ်လိုအား ကျဆင်းမှုများကြောင့် ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ်အတွက် သယံဇာတကဏ္ဍမှ ရရှိမည့် ပြည်ထောင်စုအစိုးရ၏ ဝင်ငွေ ကျဆင်းသွားမည်။ သို့သော် သယံဇာ ထုတ်လုပ်ခွင့်နှင့် စာချုပ်များ၊ ဓါတ်ငွေ့အရောင်းအဝယ်ဆိုင်ရာ သဘောတူညီချက်များ အပါအဝင် ပွင့်လင်းမြင်သာမှု အားနည်းသည့်အတွက် ကိုရိုနာဗိုင်းရပ်စ်ကပ်ရောဂါ၏ အကျိုးသက်ရောက်မှု အတိအကျကို ခန့်မှန်းနိုင်ရန် ခက်ခဲပါသည်။
- နိုင်ငံပိုင်စီးပွားရေးလုပ်ငန်းဖြစ်သော မြန်မာ့ရေနံနှင့် သဘာဝဓါတ်ငွေ့တူးဖော်ရေး လုပ်ငန်း၏ ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ် သုံးငွေသည် ဝင်ငွေထက် ကျော်လွန်သွားလိမ့်မည်ဟု ခန့်မှန်းရသည်။ ယင်းပိုသုံးငွေများမှာ ပြည်ထောင်စုအစိုးရ ဘတ်ဂျက်၏ အသားတင်လိုငွေများ ဖြစ်လာပါလိမ့်မည်။
- ၂၀၂၀ ခုနှစ် နိုဝင်ဘာလ (၈)ရက်နေ့တွင် ကျင်းပပြီးစီးခဲ့သော အထွေထွေရွေးကောက်ပွဲတွင် သောင်ပြိုကမ်းပြို အနိုင်ရခဲ့သည့် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (NLD) သည် အဓိကကျသည့် သဘာဝသယံဇာတဆိုင်ရာ ဝန်ကြီးဌာနများအပေါ် ဩဇာသက်ရောက်မှု များစွာ ရှိပါမည်။ NLD သည် သဘာဝသယံဇာတကြွယ်ဝသည့် မဲဆန္ဒနယ်များကို ကိုယ်စားပြုသူများ အပါအဝင် တိုင်းရင်းသား နိုင်ငံရေးပါတီများနှင့် လက်တွဲရန် ကမ်းလှမ်းမှုများ လုပ်ဆောင်လျက် ရှိသည်။ ထိုကမ်းလှမ်းမှုများသည် ပြည်နယ်နှင့် တိုင်းဒေသကြီးအဆင့် သယံဇာတ စီမံအုပ်ချုပ်မှုဆိုင်ရာ ကိစ္စရပ်များအတွက် အကျိုးဆက်များရှိနိုင်သော်လည်း ယခုအချိန်တွင် ကောက်ချက်ဆွဲရန် မဖြစ်နိုင်သေးပါ။
- ကိုရိုနာဗိုင်းရပ်စ်ကပ်ရောဂါက မြန်မာနိုင်ငံ၏ တွင်းထွက်သယံဇာတ တူးဖော်ရေးကဏ္ဍတွင် အရှိန်ရစပြုနေသည့် ပွင့်လင်းမြင်သာမှုနှင့် အရပ်ဖက်လူ့အဖွဲ့အစည်းများ ပူးပေါင်းပါဝင်မှုများကို နှောင့်နှေးစေနိုင်ပါသည်။ အထူးသဖြင့် ယခုလို ခက်ခဲသည့်အချိန်အခါမျိုးတွင် အရပ်ဖက်လူ့အဖွဲ့အစည်းများ အနေဖြင့် ထိုနှောင့်နှေးမှုများကို ကာကွယ်နိုင်ရန်နှင့် ၎င်းတို့၏လုပ်ငန်းများ ဆက်လက်လုပ်ဆောင်နိုင်ရန် အကူအညီ၊ အထောက်အပံ့များ ပိုမိုလိုအပ်လျက် ရှိသည်။

## ကိုရိုနာဗိုင်းရပ်စ်ကပ်ရောဂါ၏ စီးပွားရေး အကျိုးသက်ရောက်မှု

ကိုရိုနာဗိုင်းရပ်စ်ကပ်ရောဂါသည် မြန်မာ့စီးပွားရေးအပေါ် ရိုက်ခတ်မှုများစွာ ရှိခဲ့သည်။ ၂၀၂၀ ခုနှစ်၊ မေလတွင် ကမ္ဘာ့ဘဏ်က ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်အတွက် မြန်မာ့စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုနှုန်းမှာ ခန့်မှန်းခြေ ၆.၃ ရာခိုင်နှုန်းရှိရာမှ ၂ ရာခိုင်နှုန်းအထိ ကျဆင်းသွားမည်ဟု ခန့်မှန်းခဲ့သည်။ (မြန်မာနိုင်ငံ၏ ဘဏ္ဍာရေးနှစ်သည် အောက်တိုဘာလမှ စက်တင်ဘာလအထိ ဖြစ်ပါသည်။) ယင်းခန့်မှန်းတွက်ချက်မှုအပြီး နောက်တစ်လမပြည့်မီတွင် ၂ ရာခိုင်နှုန်းမှ ၀.၅ ရာခိုင်နှုန်းသို့ ထပ်မံလျှော့ချခဲ့သည်။

၂၀၂၀ ခုနှစ်၊ ဩဂုတ်လမှစတင်၍ ကိုရိုနာဗိုင်းရပ်စ် ပိုးကူးစက်မှု စတင်မြင့်မားလာခဲ့သည်။ အစိုးရ၏ တရားဝင် ထုတ်ပြန်ချက်များအရ မြန်မာနိုင်ငံသည် ကူးစက်မှုနှုန်းနှင့် သေဆုံးနှုန်း အနိမ့်ဆုံးနိုင်ငံများတွင် ပါဝင်နေသော်လည်း လက်တွေ့မြေပြင်အခြေအနေမှာမူ ထိုအချက်အလက်များထက် ပိုမိုမြင့်မားနိုင်ခြေ ရှိသည်။ အဘယ့်ကြောင့်ဆိုသော် လူဦးရေ အချိုးအရ ကိုရိုနာဗိုင်းရပ်စ်ဆေးစစ်မှုနှုန်း အနိမ့်ဆုံးနိုင်ငံများတွင်လည်း ပါဝင်နေခြင်းကြောင့် ဖြစ်သည်။ ကူးစက်မှုကို ထိန်းချုပ်ရန်အတွက် အစိုးရအနေဖြင့် စက်တင်ဘာလတွင် အသွားအလာကန့်သတ်မှုများ ပိုမို တင်းကြပ်ခဲ့သည်။

မြန်မာ့စီးပွားရေးကို အဓိကမောင်းနှင်နေသည့် အရေးကြီးကဏ္ဍများ၏ ဈေးကွက်ကျုံ့ဝင်သွားခြင်းက စီးပွားရေးအကျဘက်သို့ ဦးတည်စေပါသည်။ ဥပမာအားဖြင့် ဝန်ဆောင်မှုလုပ်ငန်းနှင့် ထုတ်လုပ်မှုကဏ္ဍ နှစ်ခုလုံးက အသွားအလာကန့်သတ်မှုများနှင့် ကမ္ဘာ့ဈေးကွက်ဝယ်လိုအား ကျဆင်းမှု နှစ်ခုပေါင်း၏ ဒဏ်ကို ဆိုးရွားစွာခံစားရပြီး မြန်မာ့စီးပွားရေးကို သိသိသာသာထိခိုက်စေခဲ့သည်။ ထို့အပြင် အိမ်နီးချင်းနိုင်ငံများတွင် သွားရောက်လုပ်ကိုင်နေသော ရွှေ့ပြောင်းလုပ်သားများ အလုံးအရင်းလိုက် ပြန်ဝင်လာခြင်းကြောင့် ငွေလွှဲမှုများမှရရှိသည့် ဝင်ငွေများလျော့ပါးသွားပြီး ဆင်းရဲမွဲတေမှုအဆင့် သတ်မှတ်ချက်အောက်သို့ ရောက်ရှိသွားသည့် မိသားစုအရေအတွက်မှာလည်း ပိုမိုတိုးပွားလာလျက် ရှိပါသည်။

မြန်မာနိုင်ငံ၏ တွင်းထွက်သယံဇာတထုတ်လုပ်မှုကဏ္ဍသည် ကန့်သတ်ထိန်းချုပ်မှုများရှိသည့်တိုင် ပုံမှန်နီးပါး လည်ပတ်လျက်ရှိသည်။ ထို့ကြောင့် အခြားစီးပွားရေးကဏ္ဍများနှင့် ယှဉ်လျှင် ကိုရိုနာဗိုင်းရပ်စ်ကပ်ရောဂါ၏ အကျိုးဆက် ခံစားရမှုမှာ ပိုမိုနည်းပါးသည်ဟုဆိုနိုင်ပါသည်။ သို့သော် လတ်တလောရရှိထားသော အချက်အလက်များအရ သယံဇာတ ထွက်ကုန်များ၏ ဝယ်လိုအားနှင့် ပေါက်ဈေး ကျဆင်းမှုများကြောင့် ကဏ္ဍအသီးသီးမှ ဘဏ္ဍာငွေရရှိမှုမှာ လျော့နည်း သွားမည်ဟု ခန့်မှန်းနိုင်သည်။ ဥပမာ - မြန်မာနိုင်ငံ၏ ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်အတွက် အခွန်မဟုတ်သော ဝင်ငွေရရှိမှုသည် ၁၂ ရာခိုင်နှုန်း ကျဆင်းသွားနိုင်သည်ဟု ကမ္ဘာ့ဘဏ်ကခန့်မှန်းထားပါသည်။ သဘာဝဓါတ်ငွေ့မှ ဝင်ငွေလျော့နည်းသွားခြင်းသည် အကြောင်းအရင်းတစ်ခု ဖြစ်ပါသည်။

၂၀၂၀ခုနှစ်၊ ဧပြီလတွင် ပြည်ထောင်စုအစိုးရမှ ကိုရိုနာဗိုင်းရပ်စ်ကပ်ရောဂါကြောင့် ဖြစ်ပေါ်လာသည့် ထိခိုက်မှုများကို ကုစားရန်အတွက် "အားလုံးတစ်ပေါင်းတည်းကျော်လွှားခြင်း - Covid-19 စီးပွားရေးထိခိုက်မှု သက်သာရေး စီမံချက်(CERP)" ကို ထုတ်ပြန်ခဲ့ပါသည်။ ယင်းစီမံချက်ကို အကောင်အထည်ဖော်ရာတွင်  ကျန်းမာရေးစောင့်ရှောက်မှုစနစ် ပိုမိုအားကောင်း လာစေရန် ကမ္ဘာ့ဘဏ်မှ ဒေါ်လာသန်း ၅၀နှင့် နိုင်ငံတကာ ငွေကြေးရန်ပုံငွေအဖွဲ့ (IMF) မှ အရေးပေါ်ရန်ပုံငွေအဖြစ် ဒေါ်လာ ၃၆၅.၅သန်း အပါအဝင် နိုင်ငံတကာ၏ ကူညီထောက်ပံ့မှုအချို့ကို လက်ခံရရှိခဲ့ပါသည်။ ယင်း CERP စီမံချက် ထုတ်ပြန်ပြီးနောက် ၂၀၂၀ခုနှစ် အောက်တိုဘာလတွင် "မြန်မာ့စီးပွားရေး နာလန်ထူရေးနှင့် ပြုပြင်ပြောင်းလဲရေး စီမံချက် မူကြမ်း (MERRP)" ကို ထပ်မံ ရေးဆွဲ ထုတ်ပြန်ခဲ့ပါသည်။ သယံဇာတထုတ်လုပ်မှုကဏ္ဍမှ လုပ်ငန်းများအနေဖြင့် ပို့ကုန် အတွက် ကောက်ခံသည့် ကြိုတင်အခွန် ၂ ရာခိုင်နှုန်း ကင်းလွတ်ခွင့်၊ ကုမ္ပဏီဝင်ငွေခွန် လျှော့ပေါ့ခွင့်များ ရရှိခြင်းတို့ကြောင့်

အထောက်အကူဖြစ်ခဲ့သော်လည်း ၎င်းတို့သည် ရင်းနှီးမြှုပ်နှံမှု မတိုးပွားစေဘဲ နိုင်ငံ့ဝင်ငွေလျော့ကျမှုကိုသာ ဖြစ်ပေါ်စေပါသည်။

၂၀၂၀-၂၀၂၁ ဘဏ္ဍာရေးနှစ် ဖြစ်သည့် ၂၀၂၀ အောက်တိုဘာလမှ ၂၀၂၁ စက်တင်ဘာလအထိ သုံးစွဲရန် လျာထားသည့် ခွင့်ပြုအစိုးရဘတ်ဂျက်မှာ ၃၄.၁ ထရီလီယံကျပ် (၂၆.၄ ဘီလီယံ ဒေါ်လာ) ဖြစ်ပြီး ခန့်မှန်းလိုငွေ ၆.၂ ထရီလီယံကျပ် (၄.၇ ဘီလီယံ ဒေါ်လာ) ရှိမည်ဟု ခန့်မှန်းရပါသည်။ လက်တွေ့တွင် ယင်းခန့်မှန်းချက်ထက် လိုငွေ ပိုမိုများပြားရန်သာရှိပါသည်။ အဘယ်ကြောင့်ဆိုသော် ကိုရိုနာဗိုင်းရပ်စ်ကပ်ရောဂါကြောင့် ထိခိုက်ဆုံးရှုံးမှုများ မရှိသေးသည့်ကာလ ၂၀၁၉ ဒီဇင်ဘာလတွင်ပင် ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ် အတွက် လိုငွေပြမှုမှာ မြန်မာငွေ ၆.၇ ထရီလီယံကျပ် (၅.၂ ဘီလီယံ ဒေါ်လာ) ရှိနှင့်နေပြီး ဖြစ်သော ကြောင့် ဖြစ်ပါသည်။

## ရေနံနှင့် သဘာဝဓါတ်ငွေ့ကဏ္ဍအပေါ် အကျိုးသက်ရောက်မှု

မြန်မာနိုင်ငံ၏ ဟိုက်ဒရိုကာဗွန်ထုတ်လုပ်မှုတွင် သဘာဝဓါတ်ငွေ့ထုတ်လုပ်မှုသည် အဓိကကဏ္ဍ ဖြစ်ပြီး စီမံကိန်းများသည် ထိုင်းနိုင်ငံ၊ တရုတ်နိုင်ငံတို့နှင့် ချုပ်ဆိုထားသော သဘာဝဓါတ်ငွေ့ တင်ပို့မှုဆိုင်ရာ ရေရှည်သဘောတူ စာချုပ်များအပေါ် အခြေခံထားပါသည်။ ၂၀၂၀ ခုနှစ် နှစ်ဦးပိုင်းတွင် ကမ္ဘာ့ရေနံနှင့် သဘာဝဓါတ်ငွေ့ ဈေးနှုန်းများ ကျဆင်းသည့်တိုင် မြန်မာနိုင်ငံ၏ သဘာဝဓါတ်ငွေ့ ထုတ်လုပ်မှုပမာဏ ကျဆင်းသွားခြင်း မရှိဟု အစိုးရ၏ သတင်းရင်းမြစ်အချို့က ပြောကြားခဲ့ပါသည်။ သို့ရာတွင် ကမ္ဘာ့ဘဏ်၏ တွက်ချက်မှုများအရ ၂၀၂၀ ဇန်နဝါရီလနှင့် ဖေဖော်ဝါရီလများတွင် သဘာဝဓါတ်ငွေ့ တင်ပို့မှုသည် ၂၀၁၉ ထိုနှစ်လနှင့် နှိုင်းယှဉ်ပါက ၂၅ ရာခိုင်နှုန်း ကျဆင်းသွားပြီး ၂၀၂၀ မတ်လတွင် ကြိုတင်ခန့်မှန်းခြင်းမပြုနိုင်သည့် ဖြစ်ရပ် (force majeure) ကိုအကြောင်းပြ၍ တရုတ်နိုင်ငံမှ ကမ္ဘာ့ ဓါတ်ငွေ့တင်သွင်းခြင်း ရပ်ဆိုင်းမှုနှင့် ထိုင်းနိုင်ငံ၏ ဓါတ်ငွေ့ ဝယ်လိုအား ကျဆင်းမှုတို့ကြောင့် ယင်းကနဦး ၂၅ရာခိုင်နှုန်းထက်ပင် ထပ်မံကျဆင်းသွားမည်ဟု သုံးသပ်ထားပါသည်။

မြန်မာနိုင်ငံတွင် ၂၀၂၀ ခုနှစ်တွင် ဓါတ်ငွေ့ထုတ်လုပ်မှု မျှဝေခြင်းဆိုင်ရာ သဘောတူညီချက် (production sharing contract) အသစ်ကို ရေးဆွဲပြီးစီးသည်နှင့် ကမ်းလွန်သဘာဝဓါတ်ငွေ့တူးဖော်မှုဆိုင်ရာ နိုင်ငံတကာလေလံကို ခွင့်ပြုရန် စီစဉ်ထားခဲ့သည်။ သို့ရာတွင် ရွေးကောက်ပွဲနှင့် နိုင်ငံရေးအပြောင်းအလဲ၊ ကမ္ဘာလုံးဆိုင်ရာ ကိုရိုနာဗိုင်းရပ်စ် ကပ်ရောဂါ အခြေအနေများကြောင့် ဆက်လက်လုပ်ဆောင်ဖွယ်ရာ မရှိပါ။ ထို့ပြင် နိုင်ငံတကာ ရေနံနှင့် သဘာဝဓါတ်ငွေ့ထုတ်လုပ်သည့် ကုမ္ပဏီကြီးများအနေဖြင့် ကပ်ရောဂါကြောင့် ဝင်ငွေနှင့် အမြတ်အစွန်းများ ကျဆင်းလျက်ရှိသည့်အတွက် ရင်းနှီးမြှုပ်နှံမှုအသစ်များ လုပ်ဆောင်ရန် စိတ်ဝင်စားမှု နည်းပါးနေပါလိမ့်မည်။


ကမ္ဘာ့ရေနံဈေးနှုန်း ကျဆင်းမှုသည် ကုန်းတွင်းရေနံထုတ်လုပ်မှုကိုလည်း သက်ရောက်ခဲ့သည်။ ထိုကဏ္ဍသည် မြန်မာနိုင်ငံတွင် စီမံမှုခန့်ခွဲမှု အလွန်အားနည်းသော်လည်း အချို့သော ကုန်းတွင်းရေနံလုပ်ကွက်များသည် အခြေခံ လူတန်းစား ထောင်ပေါင်းများစွာ၏ အသက်မွေးမှုလုပ်ငန်းဖြစ်နေသည့်အတွက် ထည့်သွင်းစဉ်းစားရန် လိုအပ်ပါသည်။




*မြန်မာနိုင်ငံမှ ကုန်းတွင်းရေနံတွင်းများ (ဓါတ်ပုံကို for NRGI အတွက် Matt Grace မှ ရိုက်ကူးထားပါသည်။)*

## သတ္တုနှင့် ကျောက်မျက်တူးဖော်ရေး ကဏ္ဍအပေါ် အကျိုးသက်ရောက်မှု

လက်ပံတောင်း ကြေးနီသတ္တုတွင်းနှင့် တကောင်း နီကယ်သတ္တုတွင်းကဲ့သို့သော အကြီးစား သတ္တုတူးဖော်ရေး လုပ်ငန်းအများစုမှာ ကိုရိုနာဗိုင်းရပ်စ် ကပ်ရောဂါကာလအတွင်း ဆက်လက်လည်ပတ် လျက်ရှိသည်။ ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်အတွက် အစိုးရမှ တရားဝင်ထုတ်ပြန်ထားသော အချက်အလက်များအရ စုစုပေါင်း သတ္တုထုတ်လုပ်မှုမှာ မြန်မာနိုင်ငံအတွင်း ပထမအကြိမ် ရောဂါကူးစက်ပြန့်နှံ့မှု စတင်ချိန် ဖြစ်သည့် ၂၀၂၀ ခုနှစ် ဧပြီလနောက်ပိုင်းတွင် အနည်းငယ်သာ ကျဆင်းခဲ့သည်။ ဥပမာ - လက်ပံတောင်း ကြေးနီသတ္တုတွင်းသည် အာရှတွင် အကြီးမားဆုံးသော ကြေးနီ သတ္တုတွင်းများအနက် တစ်ခုဖြစ်ပြီး ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်အတွင်း လစဉ် ကြေးနီ မက်ထရစ်တန် ၁၀,၀၀၀ ခန့် ပုံမှန်ထုတ်လုပ်နေခဲ့သည်။ ထို့အတူ နိုင်ငံအနှံ့ရှိ အကျိုးတူ ရွှေသတ္တုတူးဖော်မှုများမှလည်း လစဉ် ပျမ်းမျှ ရွှေ ၆၅၀ ထရိုင်အောင်စကို တစ်နှစ်ပတ်လုံး ထုတ်လုပ်လျက် ရှိပါသည်။


Myanmar total minerals production (metric tons)
14,000,000
12,000,000
10,000,000
8,000,000
6,000,000
4,000,000
2,000,000
Cumulative production
Monthly production
Oct '19
Nov '19
Dec '19
Jan '20
Feb '20
Mar '20
Apr '20
May '20
Jun '20
Jul '20
Aug '20
Sep '20
Source: Myanmar Ministry of Mines
Natural Resource Governance Institute


Letpadaung copper mine production (metric ton)
140,000
120,000
100,000
80,000
60,000
40,000
20,000
Cumulative production
Monthly production
Oct. '19
Nov. '19
Dec. '19
Jan. '20
Feb. '20
Mar. '20
Apr. '20
May. '20
Jun. '20
Jul. '20
Aug. '20
Sep. '20
Source: Myanmar Ministry of Mines
Natural Resource Governance Institute




ကပ်ရောဂါ ကာလအတွင်း လစဉ်သတ္တုထုတ်လုပ်မှု ပုံမှန်ရှိနေသည့်အပြင် လိုင်စင်အသစ်များကိုလည်း ချထားပေးခဲ့သည်။ မတ်လတွင် ကချင်ပြည်နယ် အစိုးရက အသေးစားရွှေသတ္တုတူးဖော်ရေး လိုင်စင် ၂၀၀ ကျော် ခွင့်ပြုပေးခဲ့သည်။ မေလတွင် သဘာဝသယံဇာတနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနက PanAust ကုမ္ပဏီအား စစ်ကိုင်းတိုင်း ဒေသကြီး အတွင်း ၇၅၀ စတုရန်း ကီလိုမီတာခန့်ရှိသော လုပ်ကွက်တွင် သတ္တုစူးစမ်းရှာဖွေခွင့် ပေးခဲ့သည်။ ယင်းကုမ္ပဏီသည် သြစတေးလျ နိုင်ငံတွင် ဖွဲ့စည်းထားသော်လည်း တရုတ် နိုင်ငံပိုင်စီးပွားရေးလုပ်ငန်း တစ်ခုဖြစ်သည့် Guangdong Rising Assets Management ၏ လက်ခွဲကုမ္ပဏီတစ်ခု ဖြစ်သည်။ ထိုသို့ လိုင်စင်များ ချထားပေးခြင်းက ကပ်ရောဂါ ဖြစ်ပွားနေသည့် ကာလအတွင်း လူမှုရေးနှင့် သဘာဝပတ်ဝန်းကျင် အန္တရာယ် ကင်းရှင်းမှုဆိုင်ရာ အစီအမံများကို မည်သို့ လုံလုံလောက်လောက် လိုက်နာဆောင်ရွက်မည်ဆိုသည်နှင့် ပတ်သက်သည့် မေးခွန်းထုတ်စရာများ ဖြစ်ပေါ်လာပါသည်။ ၂၀၂၀ နှစ်ဦးပိုင်း သတင်းများက သတ္တုကဏ္ဍတွင် လိုင်စင်များ ထပ်မံခွင့်ပြုပေးရန် စီစဉ်ထားကြောင်းလည်း ဆိုပါသည်။ သို့သော် NRGI အနေဖြင့် အစိုးရသတင်းရင်းမြစ်များမှ ကြားသိရသည်မှာ အသွားအလာကန့်သတ်မှုများနှင့် နိုင်ငံအတွင်း ကိုဗစ်ရောဂါ ကူးစက်ပျံ့နှံ့မှု အခြေအနေများကြောင့် သတ္တုစူးစမ်းရှာဖွေခွင့်လိုင်စင် များနှင့် ထုတ်လုပ်မှုလိုင်စင်အသစ်များအတွက် ညှိနှိုင်းဆွေးနွေးမှုများကို ဆိုင်းငံ့ထားကြောင်း ကြားသိရပါသည်။

ကိုရိုနာဗိုင်းရပ်စ် ကပ်ရောဂါသည် တရားဝင် ကျောက်စိမ်းနှင့် ကျောက်မျက် ထုတ်လုပ်မှုအပေါ် အကျိုးသက်ရောက်မှု ကြီးကြီးမားမား မရှိပါ။ သို့သော် ၂၀၁၆ ခုနှစ် ဧပြီလကတည်းက လိုင်စင်ချပေးမှုများ ရပ်ဆိုင်းထားခြင်း၊ ထို့အပြင် လတ်တလော အသွားအလာ ကန့်သတ်မှုများ ရှိနေသည့်တိုင် တစ်နိုင်တစ်ပိုင် (ရေမဆေး) ကျောက်စိမ်းတူးဖော်မှုများ ဆက်လက်ရှိနေဆဲဖြစ်သည်။ ကချင်ပြည်နယ်တွင် ၂၀၂၀ ခုနှစ် ဇူလိုင်လ၌ ဖြစ်ပွားခဲ့ သော ဖားကန့်ကျောက်စိမ်းတွင်း မြေပြိုမှုကြောင့် လူပေါင်း ၁၇၀ ထက်မနည်း သေဆုံးခဲ့ပါသည်။ ဤကြေကွဲဖွယ်ရာဖြစ်ရပ်က တစ်နိုင်တစ်ပိုင် ကျောက်စိမ်းတူးဖော်သူများ၏ ဘေးကင်း လုံခြုံမှုမရှိဘဲ လုပ်ကိုင်နေရသည့် အခြေအနေနှင့် ချို့ယွင်းချက်များစွာရှိနေသော စီမံခန့်ခွဲမှုကို မီးမောင်း ထိုးပြနေပါသည်။

ထို့အပြင် ကချင်ပြည်နယ်အစိုးရမှ ဒေသခံဦးစားပေးစနစ်ဖြင့် ကျောက်စိမ်းတူးဖော်ရန် လက်လုပ်လက်စား လုပ်ကွက်များကို မတ်လနှင့် သြဂုတ်လတို့တွင် ခွင့်ပြုချထားပေးခဲ့သည်။ အသေးစားနှင့် လက်လုပ်လက်စား ကျောက်မျက်တူးဖော်မှု လိုင်စင်ချထားခွင့်အာဏာကို ပြည်နယ်အဆင့်သို့ လွှဲပြောင်းပေးမည့် ပြဌာန်းချက်များပါဝင်သည့် ကျောက်မျက်ရတနာ နည်းဥပဒေမူကြမ်းကို အတည်မပြုနိုင်သေးမီ ဤကဲ့သို့ ပြည်နယ်အဆင့်တွင် လိုင်စင်များချထားပေးရန် ဆုံးဖြတ်ချက်မှာ စိုးရိမ်ဖွယ်ကောင်းသည်။ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့် လုပ်ငန်းစဉ်များ ရှင်းလင်း၊ လုံလောက်စွာ ထွက်ပေါ်လာခြင်း မရှိသေးသည့် အချိန်တွင် လုပ်ကွက်များ ခွင့်ပြုပေးခြင်းကြောင့် အစိုးရအနေဖြင့် လိုင်စင်ရရှိထားသူများကို စောင့်ကြည့် ဆန်းစစ်ခြင်း၊ လူမှုရေးနှင့် သဘာဝပတ်ဝန်းကျင်အပေါ် အကျိုးသက်ရောက်မှုများကို စီမံခန့်ခွဲခြင်း၊ ပြည်ထောင်စုအဆင့်နှင့် ပြည်နယ်အဆင့် အရာရှိများအကြား ပူးပေါင်းဆောင်ရွက်ခြင်း စသည့် လုပ်ငန်းစဉ်များကို ထိရောက်စွာ စီမံအုပ်ချုပ်နိုင်ရန် အခက်အခဲ ရှိလာနိုင်ပါသည်။

## သယံဇာတထုတ်လုပ်မှုကဏ္ဍ ဘဏ္ဍာငွေအပေါ် အကျိုးသက်ရောက်မှု


မြန်မာနိုင်ငံ သယံဇာတ တူးဖော်ထုတ်လုပ်မှုများ ပွင့်လင်းမြင်သာမှုဖော်ဆောင်ရေး (EITI) မှ နောက်ဆုံး ထုတ်ပြန်ထားသည့် စာရင်းအချက်အလက်များအရ ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်အတွက် တွင်းထွက် သယံဇာတ တူးဖော်ရေးကဏ္ဍမှ ဘဏ္ဍာငွေရရှိမှုသည် မြန်မာနိုင်ငံ၏ အသားတင် ထုတ်ကုန်စုစုပေါင်း၏ ၄.၈ ရာခိုင်နှုန်း၊ အစိုးရဝင်ငွေ စုစုပေါင်း၏ ၅.၂ ရာခိုင်နှုန်း၊ ပို့ကုန်များ၏ ၃၅ ရာခိုင်နှုန်းရှိသည်။ တွင်းထွက်သယံဇာတ ဝင်ငွေအနက် ရေနံနှင့် သဘာဝဓါတ်ငွေ့ကဏ္ဍမှ ၇၂ ရာခိုင်နှုန်းဖြင့် အချိုးအစား အများဆုံးဖြစ်နေပြီး ကျောက်စိမ်းနှင့် ကျောက်မျက်ကဏ္ဍမှ ၂၁ ရာခိုင်နှုန်း၊ သတ္တုတူးဖော်ရေးမှ ၆ ရာခိုင်နှုန်းတို့ အသီးသီးပါဝင်ကြသည်။

၂၀၂၀နှင့် ၂၀၂၁ ခုနှစ်များ အတွက် သယံဇာတကဏ္ဍမှ ဘဏ္ဍာငွေရရှိမှုသည် ယခင်နှစ်များထက် လျော့နည်းသွားပါလိမ့်မည်။ ၎င်းမှာ ကိုရိုနာဗိုင်းရပ်စ်၏ အကျိုးသက်ရောက်မှု တစ်ခုတည်းကြောင့်မဟုတ်ဘဲ အခြား အကြောင်းရင်းခံများလည်း ရှိသည်။ သတ္တုတူးဖော်ရေး နှင့် ကျောက်မျက်တူးဖော်ရေးလုပ်ငန်း လိုင်စင် အသစ်များ ထုတ်ပေးခြင်းကို ရပ်ဆိုင်းထားခြင်း၊ သက်တမ်းရင့် ဓါတ်ငွေ့သိုက်များတွင် ထုတ်လုပ်မှု တန့်သွားခြင်းနှင့် ကျဆင်းလာခြင်း စသည့် အချက်များကြောင့် သယံဇာတကဏ္ဍ ဘဏ္ဍာငွေရရှိမှုသည် တစ်နှစ်ထက်တစ်နှစ် လျော့နည်းလာလျက် ရှိသည်။ သယံဇာတကဏ္ဍမှ ဘဏ္ဍာငွေနှင့် သက်ဆိုင်သည့် အချက်များကို အောက်တွင် ကဏ္ဍအလိုက် တင်ပြထားပါသည်။

### ရေနံနှင့် သဘာဝဓါတ်ငွေ့ကဏ္ဍ

Rystad Energy နှင့် IMF မှ ထုတ်ပြန်သော အချက်အလက်များအပေါ် အခြေခံ၍ NRGI ၏ ခန့်မှန်းတွက်ချက်မှုများအရ မြန်မာနိုင်ငံ ရေနံနှင့် သဘာဝဓါတ်ငွေ့ကဏ္ဍ ၂၀၂၀ခုနှစ် ဇန်နဝါရီမှ ဒီဇင်ဘာလအတွင်း ဘဏ္ဍာငွေ ရရှိမှုမှာ၂၀၁၉ ခုနှစ်နှင့် ယှဉ်လျှင် ၉ ရာခိုင်နှုန်း ကျဆင်းသွားနိုင်ကြောင်း တွေ့ရှိရသည်။ ထို့အပြင် ကမ္ဘာ့ဘဏ်က ၂၀၂၀-၂၀၂၁ ဘဏ္ဍာရေးနှစ် (၂၀၂၀ ခုနှစ် အောက်တိုဘာလမှ ၂၀၂၁ ခုနှစ် စက်တင် ဘာလ) အတွက် ရေနံနှင့် သဘာဝဓါတ်ငွေ့ကဏ္ဍမှ ဘဏ္ဍာငွေရရှိမှုသည် ကမ္ဘာ့ရေနံဝယ်လိုအားကျဆင်းမှုနှင့် ဈေးနှုန်းကျဆင်းမှု တို့ကြောင့် ကပ်ရောဂါ မတိုင်မီ ကာလတွင် ရှိခဲ့သည့် ပမာဏ၏ ထက်ဝက်ခန့်ပင် ကျဆင်းသွားနိုင်ကြောင်း ခန့်မှန်းထားပါသည်။ သက်တမ်းရင့် ဓါတ်ငွေ့သိုက်များတွင် ထုတ်လုပ်မှုကျဆင်းလာခြင်းကလည်း ဘဏ္ဍာငွေရရှိမှုကို ပိုမိုလျော့နည်း လာစေသည်။ မြန်မာအစိုးရကမူ ၂၀၂၀-၂၀၂၁ ဘဏ္ဍာရေးနှစ်တွင် ဝင်ငွေ ၂.၄ ရာခိုင်နှုန်းခန့်သာ ကျဆင်းမည်ဟု သက်သက် ညှာညှာ ခန့်မှန်းထားသည်ကို တွေ့ရပါသည်။ (အောက်ဖော်ပြပါ ပုံတွင် ကြည့်ရှုရန်)။ မည်သည့် တွက်ချက်မှုကို ကိုးကားသည်ဖြစ်စေ မြန်မာ့စွမ်းအင်ကဏ္ဍသည်

တဖြည်းဖြည်း သေးငယ်လာမည်ဖြစ်ပြီး နိုင်ငံ့စီးပွားရေး ဝန်ထုပ်ဝန်ပိုးအပေါ်လည်း ဖိအားဖြစ်လာပါလိမ့်မည်။ ရေရှည်အကျိုးဆက် အတိအကျခန့်မှန်းရန်မှု ဆက်လက် စောင့်ကြည့်ရပါဦးမည်။




မြန်မာနိုင်ငံအနေဖြင့် နိုင်ငံပိုင် မြန်မာ့ရေနံနှင့်သဘာဝဓါတ်ငွေ့တူးဖော်ရေးလုပ်ငန်း (MOGE) နှင့် ပတ်သက်၍ စိန်ခေါ်မှုများစွာကို ရင်ဆိုင်နေရသည်။ ကပ်ရောဂါမဖြစ်ပွားမီ အချိန်တွင်ပင် MOGE သည် စီးပွားရေးအရ အကျိုးအမြတ် ဖြစ်ထွန်းမှု မရှိပါ။ အခြား နိုင်ငံပိုင်စီးပွားရေးလုပ်ငန်းများနည်းတူ MOGE ၏ အသုံးစရိတ်များကို ပြည်ထောင်စုအစိုးရက တိုက်ရိုက်ဖြည့်ဆည်းပေးနေရသော်လည်း ဝင်ငွေရှာဖွေရာတွင် အများအားဖြင့် အခွန်ကောက်သည့် အလုပ်သာ ရှိနေသည်။ နောက်ဆုံး ထုတ်ဝေထားသည့် ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ် အတွက် ရသုံးခန့်မှန်းခြေ ငွေစာရင်းဆိုင်ရာ အချက်အလက်များ စာစောင် (Citizen Budget) တွင် MOGE ၏ စုစုပေါင်းဝင်ငွေ ကျပ် ၂၀၁၈ ထရီလီယံ (၁.၅ ဘီလီယံ ဒေါ်လာ) နှင့် အသုံးစရိတ်မှာ ကျပ် ၂၂၁၈ ထရီလီယံ (၁.၇ ဘီလီယံ ဒေါ်လာ) ရှိမည်ဟု ခန့်မှန်းဖော်ပြထားသောကြောင့် နိုင်ငံတော်ဘတ်ဂျက်မှ MOGE အတွက် အသားတင်စိုက်ထုတ်ပေးနေရသည်ဟု ယူဆနိုင်ပါသည်။ ရေနံနှင့်သဘာဝဓါတ်ငွေ့ဝင်ငွေကျဆင်းလာမှု၊ ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ်အတွက် အစိုးရမှ နိုင်ငံပိုင်စီးပွားရေးအဖွဲ့အစည်းများ၏ အသုံးစရိတ်များ ဖြတ်တောက်ရန် စီမံထားရှိမှုများကြောင့် MOGE အနေဖြင့် ၎င်း၏လိုငွေပြမှုကို ဖြေရှင်းရာတွင် မိမိ၏ ငွေကြေးဆိုင်ရာ စီမံခန့်ခွဲမှုအမှားများကို ပြုပြင်ပြောင်းလဲခြင်းထက် အကျိုးတူပူးပေါင်း ဆောင်ရွက်နေသည့် ကုမ္ပဏီများမှ ထည့်ဝင်ငွေတောင်းခံခြင်း၊ သို့မဟုတ် နိုင်ငံပိုင်ဘဏ်များမှ ချေးငွေရယူခြင်းတို့ကို လုပ်ဆောင်မည်ဟု ယူဆရသည်။

## သတ္တုကဏ္ဍ

အထက်တွင် ဆိုခဲ့သည့်အတိုင်း သတ္တုထုတ်လုပ်မှုအပေါ် ကိုရိုနာဗိုင်းရပ်စ် ကပ်ရောဂါ၏ သက်ရောက်မှု အလွန်နည်းပါးသည်။ နိုင်ငံတကာတွင် တွင်တွင်ကျယ်ကျယ် ရောင်းဝယ်နေသည့် သတ္တုများ၏ ဈေးနှုန်းများ ၂၀၂၀ခုနှစ် မတ်လနှင့်ဧပြီလတို့တွင် ရုတ်တရက်ထိုးကျခဲ့သော်လည်း ဒုတိယသုံးလပတ်ကာလ (ဧပြီ၊ မေ၊ ဇွန်လ) အကြား ဈေးနှုန်းပြန်လည် ဦးမော့လာ၍ ယခုအချိန်တွင် ကပ်ရောဂါမတိုင်မီကထက်ပင် ဈေးကောင်းရနေသည်ကို တွေ့ရပါသည်။ ထို့ကြောင့် သတ္တုကဏ္ဍ၏ ဝင်ငွေများစွာ လျော့နည်းသွားမည် မဟုတ်ပါ။ သို့ရာတွင် နိုင်ငံတော်ဘဏ္ဍာအတွက် သတ္တုလုပ်ငန်းမှ ရရှိငွေအချိုးမှာ

အလွန်နည်းပါးသည့်အတွက် သယံဇာတတူးဖော်ရေး ကဏ္ဍများအားလုံးမှ ဘဏ္ဍာငွေရရှိမှု အပေါ် သိသာထင်ရှားသော အကျိုးသက်ရောက်မှု ရှိမည်မဟုတ်ပါ။

## ကျောက်စိမ်းနှင့် ကျောက်မျက်ကဏ္ဍ

ကိုရိုနာဗိုင်းရပ်စ်ကပ်ရောဂါကြောင့် မြန်မာ့ကျောက်မျက်ရတနာလုပ်ငန်း (MGE) မှ ဦးစီး၍ နှစ်စဉ်ကျင်းပသော တရားဝင် ကျောက်မျက်ရတနာပြပွဲနှင့် ရောင်းချပွဲများ ကို ရပ်ဆိုင်းခဲ့ရသည်။ MGE မှထုတ်ပြန်သည့် အချက်အလက်များအရ ၂၀၂၀ ခုနှစ်အတွက် ကျောက်မျက်ရောင်းချမှုမှ ဝင်ငွေ မဆိုသလောက်သာရှိပါသည်။ ပုံမှန်အားဖြင့် MGE အနေဖြင့် ပြည်တွင်း ကုန်သည်များကို ရည်ရွယ်၍ ကျပ်ငွေဖြင့် ဝယ်ယူနိုင်သည့် ကျောက်မျက်ပွဲများနှင့် နိုင်ငံတကာကုန်သည်များကို ရည်ရွယ်၍ ယူရိုဖြင့် ဝယ်ယူနိုင်သည့် ကျောက်မျက်ပွဲများကို နှစ်စဉ်ကျင်းပလေ့ရှိသည်။ MGEမှ ထုတ်ပြန်သည့် အချက်အလက်များအရ ယူရိုပြပွဲများတွင် တန်ဖိုးကြီးကျောက်မျက်များ ပိုမိုရောင်းချရပြီး နိုင်ငံတော်အတွက် ဘဏ္ဍာငွေ ပိုမိုရှာဖွေပေးနိုင်သည်။ သို့သော် ကပ်ရောဂါကြောင့် ၂၀၂၀ ခုနှစ်တွင် MGE အနေဖြင့် ကျပ်ငွေဖြင့်ရောင်းချသည့် အသေးစားပြပွဲတစ်ခုကိုသာ စီစဉ်ကျင်းပနိုင်ခဲ့ပါသည်။ (၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်အတွင်း ရောင်းချခဲ့ရသော ကျောက်မျက်ရောင်းချပွဲများမှ ကြွေးကျန်ရငွေအချို့က ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ် ရှင်းတမ်းတွင် ဝင်ငွေအဖြစ် ပါဝင်လာနိုင်ပါသည်။)

အရည်အသွေးမြင့် ကျောက်စိမ်းများ တရုတ်နိုင်ငံသို့ မှောင်ခိုထုတ်ယူမှုများကြောင့် နိုင်ငံတော်မှ တရားဝင်ရောင်းချရရှိငွေမှာ ကျောက်စိမ်းနှင့်ကျောက်မျက်ကဏ္ဍ၏ တန်ဖိုးအစစ်အမှန်၏ ရာခိုင်နှုန်းအနည်းငယ်သာ ရှိပါသည်။ ကိုဗစ်ကာလ အသွားအလာကန့်သတ်မှုများနှင့် တရုတ်နိုင်ငံ၏ နယ်စပ်ဖြတ်ကျော်ဝင်ရောက်မှုများကို တင်းကြပ်သည့် အစီအမံများကြောင့် ထိုတရားမဝင် မှောင်ခိုကျောက်စိမ်းရောင်းချမှုများမှာလည်း ကျဆင်းသွားမည်ဟု ခန့်မှန်းရပါသည်။ ထို့အပြင် ကျောက်စိမ်း အရောင်းသာမက ကျောက်စိမ်းဈေးနှုန်းများလည်း ကျဆင်းခဲ့သည်။ လတ်တလော သတင်းများအရ တရားဝင် ကျောက်စိမ်း ဈေးနှုန်းမှာ ယခင်ဈေးကွက်ပေါက်ဈေး၏ ထက်ဝက်ခန့်သို့ ထိုးဆင်းသွားပြီး လက်လုပ်လက်စား ရေမဆေး ကျောက်တူးသူများမှ အလွတ်ရောင်းချရသည့် ကျောက်စိမ်းဈေးမှာလည်း ကပ်ရောဂါမတိုင်မီက ပေါက်ဈေး၏ ၁၀ ရာခိုင်နှုန်းမှ ၂၀ ရာခိုင်နှုန်းခန့်သာ ရှိပါတော့သည်။

## **သဘာဝသယံဇာတဆိုင်ရာ စီမံခန့်ခွဲမှုအပေါ် အကျိုးသက်ရောက်မှု**

သဘာဝသယံဇာတဆိုင်ရာ စီမံခန့်ခွဲမှုကိစ္စရပ်များတွင် ပါဝင်နေသည့် အရပ်ဖက် လူ့အဖွဲ့အစည်းများအနေဖြင့် ကပ်ရောဂါနှင့် အသွားအလာကန့်သတ်မှုများကြောင့် မိမိတို့အချင်းချင်း လက်တွဲဆောင်ရွက်ရာတွင် လည်းကောင်း၊ သက်ဆိုင်ရာ တာဝန်ရှိသူများနှင့် ဆက်သွယ်ဆောင်ရွက်ရာတွင်လည်းကောင်း လူလူချင်းတွေ့ဆုံ၍ ပူးပေါင်းမှုများ လုပ်ဆောင်ရန် အခက်အခဲများ ရှိခဲ့သည်။ ထို့အပြင် ၂၀၂၀ ဩဂုတ်လမှစတင်၍ ရောဂါကူးစက်ပျံ့နှံ့မှု များပြားလာခြင်း၊ အထွေထွေ ရွေးကောက်ပွဲ ကျင်းပရန် ပြင်ဆင်နေမှုများကြောင့် အစိုးရယန္တရား တုံ့ဆိုင်းသွားခြင်းကလည်း သဘာဝသယံဇာတဆိုင်ရာ စီမံခန့်ခွဲမှုအတွက် အစိုးရ၏ အာရုံစိုက်မှု လျော့နည်းစေခဲ့ပါသည်။ ထို့ကြောင့် ပြုပြင်ပြောင်းလဲမှုများ အကောင်အထည် ဖော်ရာတွင် ကြန့်ကြာနေမည်ဟု ယူဆရပါသည်။

## **ရှေ့ဆက်အလားအလာ**

မြန်မာနိုင်ငံ သဘာဝသယံဇာတကဏ္ဍ၏ ရှေ့အလားအလာမှာ မရေရာ၊ မသေချာမှုများစွာ ရှိနေပါသည်။ အမျိုးသား ဒီမိုရေစီအဖွဲ့ချုပ် (NLD) ၏ သောင်ပြိုကမ်းပြို ရွေးကောက်ပွဲအောင်နိုင်မှုရလဒ်က သဘာဝသယံဇာတ စီမံခန့်ခွဲမှုအပေါ် အကျိုးသက်ရောက်မှု ရှိပါလိမ့်မည်။ NLD အနေဖြင့် ပြည်ထောင်စုအဆင့် မူဝါဒများအပေါ် သိသိသာသာ လွှမ်းမိုးနိုင်မည့် လျှပ်စစ်နှင့် စွမ်းအင် ဝန်ကြီးဌာန၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေး ဝန်ကြီးဌာနများတွင် ပြည်ထောင်စု ဝန်ကြီးများကို မိမိစိတ်ကြိုက် ခန့်အပ်နိုင်ပါသည်။ သယံဇာတအများစုထွက်ရှိရာ ဒေသများကို ကိုယ်စားပြုသည့် တိုင်းရင်းသား နိုင်ငံရေးပါတီများ အပါအဝင် အတိုက်အခံအင်အားစုများမှ အနိုင်ရသည့် လွှတ်တော် ကိုယ်စားလှယ် အရေအတွက်မှာ မျှော်လင့်ခဲ့သည်ထက် အားနည်းခဲ့သည်။ ရွေးကောက်ပွဲအပြီး ရက်အနည်းငယ်အကြာတွင် NLD မှ “ဖက်ဒရယ်ဒီမိုကရေစီ ပြည်ထောင်စု”ထူထောင်ရန်၊ လက်တွဲအလုပ်လုပ်ရန် ဖိတ်ခေါ်သည့် အိပ်ဖွင့်ပေးစာကို တိုင်းရင်းသားနိုင်ငံရေးပါတီ ၄၈ ခုသို့ ပေးပို့ခဲ့ပါသည်။ ထိုစာအရ အတိုက်အခံ နိုင်ငံရေးအင်အားစုများအနေဖြင့် သဘာဝသယံဇာတကဏ္ဍ စီမံခန့်ခွဲမှုအပါအဝင် မူဝါဒဆိုင်ရာ ကိစ္စရပ်များတွင် ပါဝင်နိုင်ရန် အခွင့်အရေးရှိနိုင်သည်ဟု ယူဆရပါသည်။

မြန်မာအစိုးရအနေဖြင့် သယံဇာတများအား အထိန်းအချုပ်မဲ့ ရောင်းချ၍ ကပ်ရောဂါကာလအတွင်း ဘတ်ဂျက် လိုငွေပြမှုများကို ဖြေရှင်းရန် ကြိုးပမ်းမှုမရှိခြင်းကို အလားအလာ ကောင်းတစ်ခုသဖွယ် ရှုမြင်နိုင်ပါသည်။ စီစဉ်ထားပြီးဖြစ်သည့် ရေနံနှင့် သဘာဝဓာတ်ငွေ့ လေလံများ၊ သတ္တု၊ ကျောက်စိမ်းနှင့် ကျောက်မျက် တူးဖော်မှု ခွင့်ပေးခြင်းများကို စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာနနှင့် အသစ်တက်လာမည့် လွှတ်တော်၏ ကြီးကြပ်ကွပ်ကဲမှုများ မရှိဘဲ ၂၀၂၀ နှင့် ၂၀၂၁ တွင် လုပ်ဆောင်ခြင်းမပြုသင့်ပါ။

ရေနံဥပဒေ မူကြမ်း၊ ရေနံနှင့်သဘာဝဓါတ်ငွေ့ မျှဝေခြင်းဆိုင်ရာ သဘောတူညီချက် (production sharing contract) မူကြမ်း၊ ကျောက်မျက်ရတနာ နည်းဥပဒေမူကြမ်း အပါအဝင် သဘာဝသယံဇာတ စီမံခန့်ခွဲမှုအပေါ် ထိန်းချုပ်သည့် ဥပဒေများ၊ မူဘောင်များကို အစီအစဉ်တကျ တစ်ခုပြီးတစ်ခု အစဉ်လိုက် အပြီးသတ်ရန်လည်း အရေးကြီးပါသည်။ ၎င်းတို့တွင်ပါဝင်သည့် ပြဌာန်းချက်များ ရှင်းလင်းမှုရှိစေရန်၊ ထိုပြဌာန်းချက်များအတိုင်း လိုင်စင်ထုတ်ပေးရန်နှင့် ကုမ္ပဏီများမှ လုပ်ကိုင်ခွင့်နှင့် လိုက်နာရမည့် အချက်များကို လိုင်စင်တွင် ထည့်သွင်းရန်လည်း ကြိုးပမ်းသင့်ပါသည်။

တွင်းထွက်သယံဇာတတူးဖော်ရာနှင့် သဘာဝသယံဇာတများကို စီမံခန့်ခွဲရာတွင် အောက်ပါအချက်များ အခရာကျပါသည်။

- မြန်မာနိုင်ငံ၏ သဘာဝသယံဇာတဆိုင်ရာ နိုင်ငံပိုင်စီးပွားရေးလုပ်ငန်းများကို ပြုပြင်ပြောင်းလဲရန် အလွန်အရေးကြီးသည်။ ထိရောက်စွာ ပြုပြင်ရမည့် ကဏ္ဍများမှာ ပွင့်လင်းမြင်သာမှု ပိုမိုအားကောင်းစေခြင်း၊ လက်ရှိတွင် ရောထွေးနေသည့် ကဏ္ဍကို ထိန်းကျောင်းသည့် လုပ်ငန်းနှင့် စီးပွားရေးလုပ်ငန်းများ သီးခြားခွဲထုတ်ခြင်း၊ ဘဏ္ဍာရေးစီမံခန့်ခွဲမှု အားနည်းနေခြင်းကို ပြင်ဆင်ခြင်းတို့ ဖြစ်သည်။
    - MOGE အနေဖြင့် ပြည့်ဖြိုးမြဲစွမ်းအင်ဘက်သို့ ဦးတည်နေသည့် ကမ္ဘာလုံးဆိုင်ရာ အရွေ့ကြောင့် ရေရှည်တွင် ဖြစ်ပေါ်လာမည့် ရေနံနှင့် သဘာဝဓါတ်ငွေ့အရောင်းကျဆင်းမှုများအတွက် ထိရောက်သော ကြိုတင်ပြင်ဆင်မှုများကို စတင်လုပ်ဆောင်သင့်ပါသည်။

- သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေး ဝန်ကြီးဌာနအနေဖြင့် လက်ရှိလုပ်ဆောင်နေသော သတ္တုတူးဖော်ရေးဆိုင်ရာ အာဏာခွဲဝေမှုများ၊ ဆက်လက်လုပ်ဆောင်သွားမည့် ကျောက်မျက်တူးဖော်ရေးဆိုင်ရာ

အာဏာခွဲဝေမှုများကို ပြည်ထောင်စု အဆင့်နှင့် တိုင်းဒေသကြီး၊ သို့ ပြည်နယ်အဆင့် အာဏာပိုင်များအကြား စနစ်တကျ စီမံခန့်ခွဲရန်၊ ထိန်းညှိရန် သေချာစွာ လုပ်ဆောင်သင့်ပါသည်။

- အထူးသဖြင့် MGE အနေဖြင့် ကျောက်မျက်ရတနာ နည်းဥပဒေမူကြမ်းကို အတည်မပြုနိုင်သေးမီ ကချင်ပြည်နယ်အစိုးရမှ လက်လုပ်လက်စား လုပ်ကွက်များချထားပေးခဲ့သည့်အပေါ် ပြန်လည်ထိန်းကွပ်နိုင်ရန် အစီအမံများ ပြင်ဆင်ထားသင့်ပြီး လူမှုရေးနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ အကျိုးသက်ရောက်မှုများကို ထိရောက်စွာ ကွပ်ကဲစေရန် ကြပ်မတ်ရပါမည်။ ထို့အပြင် MGE အနေဖြင့် နည်းဥပဒေ ပြဋ္ဌာန်းပြီးမှသာလျှင် အခြားပြည်နယ်နှင့် တိုင်းဒေသကြီး အစိုးရများက လက်လုပ်လက်စား နှင့် အသေးစား ကျောက်မျက်တူးဖော်ခွင့်လုပ်ငန်း လိုင်စင်များ ခွင့်ပြုမိန့်ပေးရန် ညှိနှိုင်းသင့်သည်။ ပြည်နယ်နှင့် တိုင်းဒေသကြီး အစိုးရများအနေဖြင့် ၎င်းတို့၏ သယံဇာတ စီမံခန့်ခွဲမှုဆိုင်ရာ တာဝန်အသစ်များကို ထိရောက်စွာ အကောင်အထည်ဖော်နိုင်ရန် လိုအပ်သော နည်းပညာနှင့် ရင်းမြစ်များကို MGE မှလုံလောက်စွာ ပံ့ပိုးပေးသင့်ပါသည်။

- မြန်မာနိုင်ငံအတွက် ရေနံနှင့် သဘာဝဓါတ်ငွေ့မှ ရရှိသည့် ဘဏ္ဍာငွေများကို စနစ်တကျ စီမံခန့်ခွဲရန် အလွန်အရေးကြီးသော်လည်း အစိုးရနှင့် အစိုးရမဟုတ်သော စောင့်ကြည့်စိစစ်ရေး အဖွဲ့အစည်းများအနေဖြင့် ရေနံနှင့် သဘာဝဓါတ်ငွေ့ စာချုပ်ပါ အချက်အလက်များကို ရှင်းရှင်းလင်းလင်း မသိရှိရပါ။ ထို့ကြောင့် ထိုစာချုပ်များ၏ ပွင့်လင်းမြင်သာမှုသည် အထူးအရေးကြီးပါသည်။ လက်ရှိတွင် အစိုးရအပြင် ရေနံနှင့် စွမ်းအင်ကုမ္ပဏီများက စာချုပ်များကို အများပြည်သူအတွက် မထုတ်ပြန်ပေးသောကြောင့် ဖြစ်ပေါ်လာနိုင်သည့် အကျိုးဆက်၊ အန္တရာယ်များကို ခန့်မှန်းတွက်ဆရန် အလွန်ပင် ခက်ခဲစေပါသည်။

- ယခုအချိန်တွင် အရပ်ဖက် လူ့အဖွဲ့အစည်းများနေဖြင့် ၎င်းတို့၏ လုပ်ငန်းများကို အရှိန်မပြတ် လုပ်ဆောင်နိုင်ရန် အကူအညီနှင့် အထောက်အပံ့များ ပိုမိုလိုအပ်လျက်ရှိသည်။ မြန်မာအစိုးရအနေဖြင့် သဘာဝသယံဇာတ စီမံခန့်ခွဲမှုဆိုင်ရာ ဆုံးဖြတ်ချက်များ ချမှတ်ရာတွင် အရပ်ဖက် လူ့အဖွဲ့အစည်းများ၏ အကြံပြုချက်များကို ပိုမို ရယူနိုင်မည့် လုပ်ထုံးလုပ်နည်းများ ထပ်မံချမှတ်သင့်ပါသည်။

*အေးကြည်သာဆွေသည် Natural Resource Governance Institute ၏ ယာယီ မြန်မာနိုင်ငံတာဝန်ခံ ဖြစ်ပါသည်။ ကိုကိုလွင်သည် သုတေသန အရာရှိ၊ Josephine van Zanten သည် တွဲဖက်အရာရှိ၊ အာကာဟိန်းသည် အကြံပေး ဖြစ်ပါသည်။*